စိတ်ကူးချိုချိုအနုပညာ

mgyoe.com

# ညွန့်ဝေမိုး

အလယ်တန်းစာသင်သားသုံး

# လက်တွေ့အင်္ဂလိပ်စာစီစာကုံ


Practical Com



mgyoe.com

အလယ်တန်းစာသင်သားများ
လက်တွေ့ရေးသားလေ့ကျင့်ရန်
အင်္ဂလိပ်စာစီစာကုံး ရေးသားနည်းနှင့်
လေ့ကျင့်ခန်းများ

အလယ်တန်းသာမက
အထက်တန်းစာသင်သားများပါ
အခြေခံမှစ၍ စနစ်တကျလေ့ကျင့်ရေးသားနိုင်မည့်
အင်္ဂလိပ်စာစီစာကုံးပုဒ်ရေ ၅၀ ပါဝင်သည့်
အင်္ဂလိပ်စာအရေးအသားတိုးတက်ရေး
လမ်းညွှန်စာအုပ်ကောင်း



အလယ်တန်းစာသင်သားသုံး

# လက်တွေ့အင်္ဂလိပ်စာစီစာကုံး

ညွန့်ဝေမိုး

NWM0001
1,200.00 KS

mgyoe.com

mgyoe.com


| | |
|---|---|
| စာမူခွင့်ပြုချက်အမှတ် | ၆၉၀/၂၀၀၀ (၈) |
| မျက်နှာဖုံးခွင့်ပြုချက် | ၆၁၂/၂၀၀၀ (၉) |
| မျက်နှာဖုံးဒီဇိုင်း | ဣဒဝ |
| ပုံနှိပ်သူ | ဦးကျော်ဌေးမင်း (၀၅၉၉၂) အောင်သိန်းသန်းပုံနှိပ်တိုက် သိမ်ဖြူလမ်း ရန်ကုန်။ |
| ထုတ်ဝေသူ | ဦးသန်းဆွေ (မြဲ ၀၁၄၇၃) စစ်သည်တော်စာပေ ၁၁၃၁/က၊ ဥယျာဉ်လမ်း ဒဂုံတောင် ရန်ကုန်။ |
| ပုံနှိပ်ခြင်း | ပထမအကြိမ် စက်တင်ဘာလ၊ ၂၀၀၀ ပြည့်နှစ် |
| အုပ်ရေ | ၁၀၀၀ |
| တန်ဖိုး | ၁၂၀၀ ကျပ် |


mgyoe.com

mgyoe.com

# *Practical Compositions for Middle School Students*

**Nyunt Wai Moe**

# အလယ်တန်းစာသင်သားများအတွက် လက်တွေ့အင်္ဂလိပ်စာစီစာကုံး

ညွန့်ဝေမိုး

mgyoe.com

mgyoe.com

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံး<br>ညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့<br>ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ် အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက် ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကိုဝင်ရောက် စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံ များအားဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

mgyoe.com

mgyoe.com



# Contents


စကားဦး ၁

အလယ်တန်းအင်္ဂလိပ်စာစီစာကုံးဟူသည် ၃

အချိန်နှင့် ကာလပြကြိယာ ၇

သရုပ်ဖော်အရေးအသား ၁၁

**People I Love**

1. Myself 25
2. My Family 27
3. My Father 29
4. My Mother 31
5. My Grandfather 33
6. My Grandmother 35
7. My Teacher 37
8. My Best Friend 39
9. My Uncle 41
10. My Aunt 43

**Place**

1. My House 47
2. My Home Town 48
3. My Garden 50
4. Our School 53
5. My Class 56
6. Our School Library 58
7. Our Country 60

**My Pets**

1. My Dog 65
2. My Cat 66


mgyoe.com

mgyoe.com

**What I Do**


| | | |
|---|---|---|
| 1. | My Daily Duties | 71 |
| 2. | My Holidays | 73 |
| 3. | How I Study | 75 |
| 4. | How I Help My Mother | 77 |


**My Visits**


| | | |
|---|---|---|
| 1. | A Visit to the Zoo | 83 |
| 2. | A Visit to a Village | 85 |
| 3. | A Visit to a Market | 87 |
| 4. | A Visit to a Farm | 88 |
| 5. | A Visit to a Pagoda | 91 |
| 6. | A Visit to a Park | 92 |
| 7. | A Visit to Mandalay | 94 |
| 8. | A Journey by Train | 96 |
| 9. | A Journey by Boat | 98 |
| 10. | A Picnic on the Beach | 100 |


**Days**


| | | |
|---|---|---|
| 1. | A Fine Day | 105 |
| 2. | A Rainy Day | 107 |
| 3. | A Misty Morning | 109 |
| 4. | A Busy Sunday | 110 |


**Seasons**


| | | |
|---|---|---|
| 1. | The Hot Season (Summer) | 115 |
| 2. | The Rain Season (Monsoon) | 117 |
| 3. | The Cold Season (Winter) | 119 |


**Festivals**


| | | |
|---|---|---|
| 1. | Thingyan Festival | 125 |
| 2. | Thadingyut Festival | 127 |
| 3. | A Pagoda Festival | 130 |


**Miscellaneous**


| | | |
|---|---|---|
| 1. | What I like to Be When I Grow up (My Ambition) | 135 |
| 2. | My Favourite Game (Football) | 137 |
| 3. | Good Health | 139 |
| 4. | My Hobby (Reading) | 141 |
| 5. | My Favourite Story/Fable | 143 |
| 6. | The Subject I Like Best | 147 |
| 7. | Walking | 149 |


mgyoe.com

mgyoe.com



# စကားဦး

Composition (စာစီစာကုံး) ဆိုတာ Compose ဆိုတဲ့ Verb က လာပါတယ်။ Compose ရဲ့ အဓိပ္ပာယ်က "သီကုံးတယ်၊ ဖွဲ့စည်းတယ်" ဆိုတဲ့ အဓိပ္ပာယ် ရှိပါတယ်။ Essay တွေ၊ Letter တွေ ရေးတတ်ချင်ရင် Composition ကို အရေးလေ့ကျင့်ရပါမယ်။ Composition ကောင်းကောင်းရေးတတ်ဖို့အတွက် သူ့မှာ အဆင့်တွေ ရှိပါတယ်။ ပထမဦးဆုံးလုပ်ရမှာက Vocabulary Building (ဝေါဟာရစုစည်းမှု) ဖြစ်ပါတယ်။ ဝေါဟာရ များများသိမှ အကြောင်းအရာစုံကို လက်တန်းရေးနိုင်ပါ လိမ့်မယ်။

ဝေါဟာရများများ စုဆောင်းပြီးတဲ့အခါ အဲဒီဝေါဟာရတွေကို ဝါကျတည်ဆောက်တတ်အောင် လေ့ကျင့်ရပါမယ်။ အဲဒီလို ဝါကျတည်ဆောက်နိုင်ဖို့အတွက် Sentence Construction လေ့ကျင့်ခန်းတွေကို လေ့လာရပါမယ်။ Sentence တွေကို တည်ဆောက်လာနိုင်ပြီဆိုရင် အဲဒီ Sentence တွေကို တစ်ကြောင်းနဲ့ တစ်ကြောင်း ချိတ်ဆက်ညီညီ တွဲထားတဲ့ ဒါမှမဟုတ် အချက်အလက်တစ်ခု၊ အကြောင်းအရာတစ်ခုကို ဖော်ကျူးတဲ့ ဝါကျစုတွေနဲ့ Paragraph Writing (စာပိုဒ်ရေးသားခြင်း)ကို လေ့ကျင့်ရပါမယ်။

အဲဒီစာပိုဒ်တွေကို နိဒါန်း၊ စာကိုယ်၊ နိဂုံးပုံစံမျိုးနဲ့

mgyoe.com

mgyoe.com

ရေးတတ်ရင် Essay ရေးလို့ရပါပြီ။ အဲဒီစာပိုဒ်တွေကို ပေးစာပုံစံအတိုင်း ရေးသားလေ့ကျင့်မယ်ဆိုရင် Letters ရေးလို့ရပါပြီ။ အခုလို ပြောလိုက်တော့ Composition ဆိုတာ လွယ်သယောင်ရှိပါတယ်။ တကယ်ကတော့ မလွယ်လှပါဘူး။ အဲ… ခက်သလားဆိုတော့လည်း မခက်လှပြန်ပါဘူး။ အရေးအသား အလေ့အကျင့်သာ အခရာကျပါတယ်။ Composition ကောင်းကောင်းရေးနိုင်ဖို့အတွက် အဓိက နှစ်ခုပဲလိုပါတယ်။ တစ်ခုက နည်းလမ်းပေး လမ်းညွှန်မှုကောင်းဖြစ်ပြီး ကျန်တစ်ခုကတော့ စာသင်သားတွေကိုယ်တိုင် ဝါယမစိုက်ထုတ်ကြိုးပမ်းမှုပါပဲ။ ဆရာ့ဘက်က တတ်နိုင်သမျှ နည်းပေးလမ်းညွှန်မှု အကောင်းဆုံးဖြစ်အောင် ကြိုးစားလမ်းညွှန်ပါမယ်။ စာသင်သားတွေ ဘက်ကသာ ကြိုးစားလေ့ကျင့်ပါ။ လေ့ကျင့်မှုများလာတဲ့ အခါ အစမှာ ခက်ခဲတယ်ဆိုတဲ့အရာတွေဟာ သူ့အလိုလို လွယ်သွားတတ်ပါတယ်။ "Practice makes perfect" လေ့ကျင့်ရင် ကျွမ်းကျင်စမြဲ မဟုတ်လား။

ထူးချွန်ထက်မြက်ပါစေ
ဆရာညွှန့်ဝေမိုး
**B.A (Eng:)**
**(Hons:)**

mgyoe.com

mgyoe.com



## အလယ်တန်းအင်္ဂလိပ်စာစီစာကုံးဟူသည်

အလယ်တန်း အင်္ဂလိပ် စာစီစာကုံးမှာ လမ်းညွှန်စာစီစာကုံး (Guided Composition) အမျိုးအစား ဖြစ်သည်။ လမ်းညွှန်စာစီစာကုံးဟူသည်မှာ ရေးရမည့် အကြောင်းအရာများကို အချက်အလက်အကြမ်း (Outlines) များ ပေးထားပြီး ယင်းအချက်များကို အသုံးပြုကာ ရေးသားရသော စာစီစာကုံး အမျိုးအစား ဖြစ်သည်။

Outline ပေးနည်း နှစ်မျိုးရှိပါသည်။ ပထမနည်းမှာ outline များကို အမေး-အဖြေပုံစံပေးထားသောနည်းဖြစ်၍ ဒုတိယနည်းမှာ ရေးရမည့် အချက်အလက်များကို ဝါကျအပြည့်အစုံမပေးထားဘဲ အထောက်အကူပြု အချက်အလက်များ (prompts) ပုံစံဖြင့် ပေးသောနည်းဖြစ်သည်။

ပထမ outline ပေးနည်းဖြင့် အလယ်တန်း အင်္ဂလိပ်စာစီစာကုံးများအတွက် ပေးထားလမ်းညွှန်တတ်၍ ဒုတိယ outline ပေးနည်းဖြင့် အထက်တန်း အင်္ဂလိပ် စာစီစာကုံးများအတွက် လမ်းညွှန်ပေးထားတတ်သည်။

အလယ်တန်း အင်္ဂလိပ်စာစီစာကုံးများအတွက် outline ပေးရာတွင် အမေး-အဖြေ ပုံစံပေးရာတွင်လည်း နှစ်မျိုးရှိပါသည်။ ယင်းတို့မှာ တကယ့်အမေး-အဖြေ ပုံစံ အပြည့်

mgyoe.com

mgyoe.com

အတိုင်း Helping Verb (အကူကြိယာ) များရော၊ အမေးဝါကျ အဆုံးတွင် အမေးသင်္ကေတ (?) ပါထည့်သွင်းပေးထားတတ်သည့်နည်းနှင့် Helping Verbs နှင့် (?) တို့ မပါသော မေးခွန်းပုံစံမျိုးဖြင့် မေးသောနည်းတို့ဖြစ်သည်။

ယခု ဤစာအုပ်တွင် outline များပေးရာတွင် မေးခွန်းပုံစံကို ဖြေတတ်စေရန်နှင့် outline ကို သုံးတတ်စေရန်အတွက် အမေး-အဖြေ ပုံစံအပြည့်ဖြင့် ဖော်ပြပေးထားပါသည်။ အမေး-အဖြေ ပုံစံများကို လက်တွေ့ ဖြေကြည့်ပြီးသောအခါ အဖြေများကို စာပိုဒ်မခွဲဘဲ စာပိုဒ်တစ်ပိုဒ်တည်းအဖြစ် ရေးသား၍ ခေါင်းစဉ်တပ်ရေးသားပါက အလယ်တန်း စာမေးပွဲများအတွက် Paragraph Writing (စာပိုဒ်အရေးအသား) ရေးသားလေ့ကျင့်ပြီးသား ဖြစ်လာပါမည်။

တစ်ခုသတိပြုရန်မှာ ပေးထားသော outline များ၏ အဆုံးတွင် add anything you wish to say (သင်ပြောလိုရာကို ဖြည့်စွက်ပြောပါ)ဟူသော စာကြောင်းဖြစ်သည်။ ယင်းညွှန်ကြားချက်အရ ပေးထားသည့် ခေါင်းစဉ်နှင့် ပတ်သက်သည့် မိမိဖြည့်စွက်ပြောလိုသည်များကို ဖြည့်စွက်ရေးသားနိုင်သည်။ များသောအားဖြင့် ခေါင်းစဉ် လူပုဂ္ဂိုလ် (ကျွန်ုပ် မိခင်၊ ဖခင်၊ ဆရာသမား) တို့ကို အဘယ်ကြောင့် လေးစားချစ်ခင်ကြောင်းနှင့် နေရာဒေသဖြစ်ပါက ဘာကြောင့် နှစ်သက်ရကြောင်းကို ဖြည့်စွက်ရေးသားပေးပါက စာပိုဒ်၏ နိဂုံးချုပ်စာကြောင်းသဘောမျိုး သက်ဝင်စေကာ ပိုမို ဖတ်ကောင်းစေပါသည်။

ဤစာအုပ်တွင် အလယ်တန်းစာမေးပွဲများတွင် မေးလေ့မေးထရှိသော Paragraph ခေါင်းစဉ်များကို ပြည့်စုံအောင် ရေးသားဖော်ပြထားပါသည်။

အင်္ဂလိပ်စာစီစာကုံး ရေးသားလေ့ကျင့်ရာတွင် လေ့လာမှု လွယ်ကူစေရန် အကြောင်းအရာအလိုက် မျိုးတူ စုကာ-

mgyoe.com

mgyoe.com

(i) People I Love (ကျွန်ုပ်ချစ်ခင်သူများအကြောင်း)
(ii) Place (နေရာ)
(iii) My Pets (ကျွန်ုပ်၏ အိမ်မွေးတိရစ္ဆာန်များ)
(iv) What I Do (ကျွန်ုပ် လုပ်ဆောင်သောအရာ)
(v) My Visits (ကျွန်ုပ်၏ အလည်အပတ်ခရီးများ)
(vi) Days (နေ့ရက်များ)
(vii) Seasons (ရာသီဥတုများ)
(viii) Festivals (ပွဲတော်များ)နှင့်
(ix) Miscellaneous (အထွေထွေ)ဟူ၍ အခန်းခွဲထားပါသည်။

(i) People I Love (ကျွန်ုပ်ချစ်ခင်သူများအကြောင်းနှင့် မိမိ၏ မိသားစု ဆွေမျိုး အသိုင်းအဝိုင်း၊ သူငယ်ချင်း၊ ဆရာ၊ ဆရာမအကြောင်း (ii) Place တွင် မိမိ၏ ကျောင်း၊ အိမ်၊ ဇာတိမြို့အကြောင်း (ii) My Pets တွင် မိမိမွေးထားသော အိမ်မွေးတိရစ္ဆာန် (ခွေး၊ ကြောင်)များ အကြောင်း (iv) What I Do တွင် မိမိ၏ နေ့စဉ်ဘဝ လှုပ်ရှားမှုနှင့် ကျောင်းအားရက် လှုပ်ရှားမှုများအကြောင်း (v) My Visits တွင် တိရစ္ဆာန်ရုံ၊ ဈေး၊ ရွာတစ်ရွာ၊ လယ်တောတစ်ခု၊ ဘုရားတစ်ဆူနှင့် ပန်းခြံတစ်ခြံသို့ သွားရောက်လည်ပတ်ခဲ့ပုံများ (vi) Days တွင် သာယာသော နေ့တစ်နေ့၊ မိုးရွာသောနေ့၊ မြူနှင်းဝေသော နံနက်ခင်း၊ အလုပ်များသော တနင်္ဂနွေ (vii) Seasons (ရာသီဥတု)တွင် နွေဥတု၊ မိုးဥတု၊ ဆောင်းဥတု (viii) Festivals (ပွဲတော်များ) တွင် သင်္ကြန်ပွဲတော်၊ သီတင်းကျွတ်ပွဲတော်၊ ဘုရားပွဲတော်များအကြောင်းနှင့် (ix) Miscellaneous (အထွေထွေ) တွင် ကျွန်ုပ်ရည်မှန်းချက်၊ ကျွန်ုပ်၏ အနှစ်သက်ဆုံး အားကစား၊ ကျန်းမာရေး၊ ကျွန်ုပ်ဝါသနာ၊ ကျွန်ုပ် အနှစ်သက်ဆုံးပုံပြင်၊ ကျွန်ုပ် အနှစ်သက်ဆုံး ဘာသာရပ်နှင့် လမ်းလျှောက်ခြင်းတို့ကို စီစဉ်ရေးသားထားပါသည်။

mgyoe.com

mgyoe.com


အလယ်တန်း စာသင်သားများ ဤစာအုပ်ပါ နည်းနာများအတိုင်း ရေးသားလေ့ကျင့်ပါက စာမေးပွဲများတွင် အင်္ဂလိပ်စာ အမှတ်ကောင်းကောင်း ရရှိကာ အထက်တန်းဆင့် အင်္ဂလိပ်စာစီစာကုံးများအတွက်လည်း ကြိုတင်ပြင်ဆင်နိုင်ရန် အခြေခံအုတ်မြစ်ချပြီးသား ဖြစ်မည်ဟု ယုံကြည်မျှော်လင့်ရပေသည်။

mgyoe.com

mgyoe.com



# Time and Tense

## အချိန်နှင့် ကာလပြကြိယာ

Essay ရေးသားရာတွင် သတိပြုရမည့် အချက်များစွာ ရှိသည့်အနက် တစ်ခုမှာ Tense (ကာလပြကြိယာ) သုံးစွဲပုံဖြစ်သည်။ စာသင်သားတို့သည် အခြေခံ အင်္ဂလိပ်သဒ္ဒါ၌ ပါဝင်သော Simple Present (ပစ္စုပ္ပန်ကာလ)၊ Simple Past (အတိတ်ကာလ)၊ Present Perfect (ပြီးစီးကြောင်းပြကာလ)၊ Present Continuous (လုပ်ဆဲပြကာလ)နှင့် Simple Future (အနာဂတ်ကာလ)စသည့် ကာလပြကြိယာသုံးစွဲနည်းများကို သင်ယူလေ့လာပြီး ဖြစ်ပေလိမ့်မည်။

Essay တွင် ရေးသားဖော်ပြသော Action (လုပ်ရပ်) နှင့် ယင်းလုပ်ရပ်ကို ပြသော Tense (ကာလ)တို့သည် ကိုက်ညီမှုရှိရန်လိုအပ်ပါသည်။ သာဓကအားဖြင့် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အကြောင်း ရေးသားသည့်အခါ ထိုပုဂ္ဂိုလ်မှာ သက်ရှိထင်ရှားရှိသေးသောသူ ဖြစ်ပါက Present Tense ဖြင့် ရေးသားရသည်။ ကွယ်လွန်ပြီးဖြစ်ပါက Past Tense ဖြင့် ရေးသားရသည်။

mgyoe.com

mgyoe.com

သာဓက -

My grandfather **is** U Aung Din.

(သက်ရှိထင်ရှားရှိ)

My grandfather **was** U Aung Din.

(ကွယ်လွန်ပြီး)

နေရာဒေသအကြောင်း ရေးသားပါက "မိမိ၏ ဇာတိမြို့" အကြောင်းကို ရေးသားမည်ဆိုလျှင် Present Tense ဖြင့် ရေးရပါမည်။ မြို့၏ အတိတ်သမိုင်းကို ဖော်ပြရေးသားပါမူ Past Tense ကိုလည်း ကြားညှပ်ရေးသားရမည်။

သာဓက-

My hometown **is** Mandalay. In olden days, it **was** the palace of Myanmar Kings.

အလည်အပတ်ခရီးများအကြောင်းကို ရေးသားသည့်အခါ My enjoyable journey (ပျော်စရာခရီး) ဟူသော ခေါင်းစဉ်မျိုးကို ရေးသားပါက မိမိသွားရောက်ခဲ့သည့် ခရီးစဉ်အကြောင်း ရေးသားခြင်းဖြစ်၍ Past Tense ဖြင့် ရေးသားရပါမည်။ သို့သော် The Town I Would Like to Visit (ကျွန်ုပ် အလည်သွားချင်သောမြို့) ဟူသော ခေါင်းစဉ်မျိုးကို ရေးသားပါက Present Tense နှင့် မိမိလုပ်ဆောင်မည့် အရာများကို Future Tense နှင့် ရေးသားရပါမည်။

သာဓက-

The town I would like to visit **is** Pyin- Oo-Lwin. When I am there, I **will visit** the Botanical Gardens. (ရုက္ခဗေဒဉယျာဉ်)

လုပ်ပုံကိုင်ပုံများအကြောင်း ရေးသားရာတွင် What I Do Every Day (ကျွန်ုပ် နေ့စဉ်လုပ်ကိုင်သောအရာ) ခေါင်းစဉ်မျိုးကို ရေးသားပါက မိမိ၏ နေ့စဉ်လှုပ်ရှားမှု

mgyoe.com

mgyoe.com

များကို ဖော်ပြသည့်အတွက် Present Tense နှင့် ရေးသားရပါမည်။ How I **Study** (ကျွန်ုပ်စာကျက်ပုံ) ကို ရေးသားသည့်အခါ မိမိနေ့စဉ် စာကျက်မှတ်လေ့လာပုံကို ဖော်ပြရသည့်အတွက် Present Tense ကို သုံးစွဲရ၍ How I **Studied** for the Examination (စာမေးပွဲအတွက် ကျွန်ုပ် ကျက်မှတ်လေ့လာခဲ့ပုံ)ဟူသော ခေါင်းစဉ်မျိုးကို ရေးသားပါမူ စာမေးပွဲအတွက် မိမိစာကျက်ခဲ့ပုံကို ဖော်ပြရသည့်အတွက် Past Tense ဖြင့် ရေးသားရမည်။

Action (လုပ်ရပ်)များကို ဖော်ပြသည့်အခါ Simple Present နှင့် Simple Past Tense အပြင် ပြီးစီးသော လုပ်ရပ်များကို ဖော်ပြပါက Present Perfect နှင့် Simple Past တို့ကို အချိန်ပြဝါကျဆက် When/after စသည်တို့နှင့် တွဲရေးသည့်အခါ Past Perfect (had+V-ed/en) ကိုလည်း ရေးသားနိုင်သည်။ Simple Past နှင့် တွဲသည့် လုပ်တုန်းလုပ်ဆဲ ဖြစ်ရပ်များကို Past Continuous Tense နှင့် တွဲရေးနိုင်သည်။

သာဓက-

* I **have** never **been** to Chaungtha beach before.
  ယခင်က ချောင်းသာကမ်းခြေကို တစ်ခါမှ မရောက်ဖူးဘူး။
* The train **had left** when I **arrived.**
  ကျွန်တော်ရောက်တဲ့အခါ ရထားထွက်သွားပြီ။
* He **was reading** a book when I **came** into the room.
  ကျွန်တော်အခန်းထဲ ဝင်သွားတော့ သူစာအုပ်တစ်အုပ်ဖတ်နေတယ်။

My Ambition (မိမိ၏ ရည်မှန်းချက်) အကြောင်း

mgyoe.com

mgyoe.com
ရေးသားရာတွင် လောလောဆယ်တွင် မဖြစ်သေးသည်ကို မျှော်မှန်းပြောဆိုရေးသားခြင်း ဖြစ်သဖြင့် Future Tense (အနာဂတ်ကာလ)ကို သုံးစွဲရမည်။

သာဓက-

**I will treat** the patients well when I become a doctor.

ကျွန်တော်ဆရာဝန်ဖြစ်ပါက လူနာများကို ကောင်းစွာ ကုသပါမည်။

အထက်ပါ သာဓကများကို လေ့လာမှတ်သား၍ Action (လုပ်ရပ်)နှင့် Time (အချိန်)ကို ဂရုပြုစဉ်းစားပါက Tense (ကာလပြကြိယာ)ကို မှန်မှန်ကန်ကန် ရွေးချယ်ကာ ရေးသားနိုင်ပါလိမ့်မည်။ ထို့ကြောင့် အင်္ဂလိပ်သဒ္ဒါ သင်ခန်းစာများမှ Tense သုံးစွဲပုံများကို အလေးထား လေ့လာထားရန် တိုက်တွန်းလိုပါသည်။

●

mgyoe.com

mgyoe.com

# Descriptive Writing

## သရုပ်ဖော်အရေးအသား

သရုပ်ဖော် အရေးအသားဟာ အလယ်တန်းနဲ့ အထက်တန်း စာသင်သားတိုင်း လေ့လာရမယ့် အခြေခံ အရေးအသားဖြစ်ပါတယ်။ သရုပ်ဖော် ရေးသားတဲ့နေရာမှာ လူ၊ ရှုခင်း၊ အရာဝတ္ထု၊ နေရာဒေသဆိုပြီး အမျိုးမျိုးရှိပါတယ်။ ပထမဦးစွာ လူအကြောင်း သရုပ်ဖော်ရေးသားကြည့်ရအောင်။ လူအကြောင်းသရုပ်ဖော် ရေးသားတာကို လေ့ကျင့်ထားမယ်ဆိုရင် My Friend; My Teacher; My Father; My Mother; My Uncle; My Favourite Aunt စတဲ့ လူနဲ့ ပတ်သက်တဲ့ ခေါင်းစဉ်အမျိုးမျိုးကို ရေးဖွဲ့နိုင်ပါလိမ့်မယ်။

လူတစ်ယောက်အကြောင်းကို ရေးဖွဲ့တော့မယ်ဆိုရင် နှစ်ပိုင်းရှိတယ်။ တစ်ပိုင်းက Physical/ Appearance (ရုပ်ပိုင်းဆိုင်ရာ/အသွင်အပြင်)မှာ သူ့ရဲ့ပုံပန်းသဏ္ဌာန်ကို သရုပ်ဖော် ရေးသားရမယ်။ နောက်တစ်ပိုင်းဖြစ်တဲ့ Mental/Character(စိတ်ပိုင်းဆိုင်ရာ/စရိုက်သဘာဝ)မှာ သူ့ရဲ့ စိတ်နေစိတ်ထားကို သရုပ်ဖော်ရေးသားရမယ်။

ပထမပိုင်းဖြစ်တဲ့ Physical / Appearance

mgyoe.com

mgyoe.com

(ရုပ်ပိုင်းဆိုင်ရာ/အသွင်အပြင်)ကို သရုပ်ဖော်နိုင်တဲ့ အပိုင်းတွေကို ကြည့်ရအောင်။ အဲဒီမှာ အပိုင်းလေးပိုင်း ရှိတယ်။ အဲဒါတွေကတော့-

(i) Features (ထင်ရှားတဲ့လက္ခဏာများ)
(ii) Complexion (အသားအရေ)
(iii) Stature (အရပ်အမောင်း)နဲ့
(iv) Build (ကိုယ်လုံးကိုယ်ထည်) တို့ ဖြစ်ပါတယ်။
(v) Features (ထင်ရှားသောလက္ခဏာများ)

လူတစ်ယောက်ကို တွေ့တွေ့ချင်း စသတိထားကြည့်မိတာက မျက်နှာ ဖြစ်တယ်။ မျက်နှာတစ်ဝိုက်မှာရှိတဲ့ ထင်ရှားတဲ့ လက္ခဏာတွေကို ရေးမယ်ဆိုရင်-

**(i) Features (ထင်ရှားတဲ့လက္ခဏာများ)**

(က) ဆံပင်

* ဆံပင်ဖြူတယ်
(a) He has grey hair.
(b) His hair is grey.

* ဆံပင်နက်တယ်
(a) Her hair is raven black.
(ကျီးကန်းလိုနက်)
(b) She is a brunette.
(ဆံပင်အနက်ရောင်ရှိသူ)
(c) He is dark-haired.

* ရွှေဝါရောင်ဆံပင်
(a) She has golden hair.
(b) She is a blonde. (ဆံပင်ရွှေဝါရောင်ရှိသူ)
(c) She is fair-haired.

mgyoe.com

mgyoe.com

* ဆံပင်ကောက်တယ်
(a) She has curly hair.
(b) Her hair is wavy. (လှိုင်းတွန့်လေးတွေလို)

* ဆံပင်ဖြောင့်တယ်
(a) She has staright hair.
(b) Her hair is straight.

* ဆံပင်တိုတယ်
(a) He has his hair (cut) short.
(b) She wears short hair.
(c) He keeps his hair short.

* ဆံပင်ရှည်တယ်
(a) She has (keeps) hear hair long.
(b) She wears (has) long hair.
(c) Her hair is long to her waist. (ခါးအထိဆံပင်ရှည်)
(d) Her hair is long to her shoulders. (ပခုံးထိရှည်)

* ဆံပင်ပုံစံ
(a) She wears an omega hair style. (အိုမီဂါဆံပင်ပုံစံ)
(b) She keeps a three-step hair-do. (သုံးထပ်ဆင့်ဆံပင်ပုံစံ)
(c) She has a Diana hair style. (ဒိုင်ယာနာဆံပင်ပုံစံ)
(d) She wears a bob hair-do. (ဆံပင်တိုတို)

mgyoe.com

mgyoe.com

* ပန်းပန်တယ်

(a) She always wears a red rose in her hair. (နှင်းဆီပန်းပန်)

(b) She has an orchid in her hair. (သစ်ခွပန်းပန်)

* ဆံပင်ခွဲပုံ

(a) His hair is parted to the right. (ညာဘက်ခွဲ)

(b) His hair is parted to the left. (ဘယ်ဘက်ခွဲ)

(c) Her hair is parted in the middle. (အလယ်ခွဲ)

* မျက်ခုံး

(a) She has thin eyebrows. (မျက်ခုံးပါး)

(b) He has thick (bushy) eyebrows. (မျက်ခုံးထူ)

(c) Her eyebrows are (shaped) like the crescent moon. (သုံးရက်လ ခုံးမျက်စ)

(d) His eyebrows are linked with each other. (မျက်ခုံးဆက်)

* မျက်လုံး

(a) She has wide eyes. (မျက်လုံးပြူး)

(b) He has narrow eyes. (မျက်ပေါက်ကျဉ်း)

(c) she has almond eyes. (ဗာဒံသီးလို မျက်လုံး)

mgyoe.com

mgyoe.com

(d) Her eyes are like those of a doe's . (သမင်မမျက်လုံး)
(e) Her eyes are sparkling like twin stars. (သောက်ရှူးကြယ်ညီနောင်လိုတောက်ပ)
(f) Her eyes are squinted. (မျက်လုံးစောင်း)
(g) He is squit-eyed/cross-eyed. (မျက်စေ့စွေ)
(h) He has sunken eyes. (မျက်တွင်းကျ)

(ဃ) နှာတံ
(a) He has a prominent nose. (နှာတံပေါ်)
(b) She has a snub nose. (ဝက်နှာခေါင်းလို)
(c) He has a crooked nose. (နှာယောင်ကောက်)

(c) နှုတ်ခမ်း
(a) She has thin lips. (နှုတ်ခမ်းပါး)
(b) He has thick full lips. (နှုတ်ခမ်းထူ)
(c) Her lips are shaped like the cupid's bow. (မြားနတ်မောင်၏ လေးကိုင်းကဲ့သို့)

* ပါးချိုင့်
(a) She has dimples on her cheeks.
(b) He has a dimple on his chin. (မေးချိုင့်)

(ဆ) မှဲ့
(a) She has a beauty spot on her right cheek. (စံပယ်တင်မှဲ့)

mgyoe.com

mgyoe.com

(b) He has a big mole on his forehead. (နဖူးပေါ်မှာ မှဲ့ကြီးတစ်လုံးရှိ)

(ဈ) နဖူး

(a) He has a broad forehead. (မဟာနဖူး)
(b) His forehead is broad. (နဖူးကျယ်)

(ဈ) သွား

(a) He has an eyetooth. (သွားတက်)
(b) Her teeth are like pearls. (ပုလဲနဲ့တူ)
(c) She has buck (protruding) teeth. (သွားခေါ)

(ည) နားရွက်

(a) He has protruding ears. (နားရွက်ကား)
(b) His ears are small as a mouse's. (ကြွက်နားရွက်လိုသေး)

(ဋ) မျက်နှာပုံ

(a) He has a chubby face. (မျက်နှာဝိုင်း)
(b) He has sunken eyes. (မျက်တွင်းကျ)
(c) She has a pointed chin. (မေးချွန်)
(d) He always wears a sweet smile. (အမြဲပြုံး)
(e) He has a square face. (လေးထောင့်မျက်နှာ)
(f) Her face is like a full moon. (လပြည့်ဝန်းလိုဝိုင်း)

mgyoe.com

mgyoe.com

(g) He is handsome. (ရုပ်ချော)
(h) She is beautiful/pretty. (လှပ)
(i) He/She is good looking. (ကြည့်ကောင်း)

(၄) အမာရွတ်

(a) He has a big scar on his cheek.
(ပါးပေါ်မှာ အမာရွတ်ကြီးရှိ)
(b) He has a scar on his forehead.
(နဖူးမှာ အမာရွတ်ရှိ)

**(ii) Complexion** (အသားအရေ)

* အသားဖြူတယ်
(a) She has fair complexion.
(b) She is fair in complexion.
(c) Her complexion is fair.
(d) She is white-skinned.

* အသားဝါတယ်
(a) She is yellow in complexion.
(b) She is yellow-skinned.
(c) Her complexion is yellowish.
(ဝါတာတာ)

* အသားညိုတယ်
(a) He is brown in complexion.
(b) He has brown complexion.
(c) He is brown-skinned.
(d) He is suntanned. (နေလောင်ထားလို့ အသားညို)

mgyoe.com

mgyoe.com

* အသားမည်းတယ်
(a) He has dark complexion.
(b) He is dark in complexion.
(c) His complexion is black.
(d) He is dark-skinned.

## (iii) Stature (အရပ်အမောင်း)

* အရပ်ရှည်တယ်
(a) He is tall like a palm tree. (ထန်းပင်လို မြင့်)
(b) He is six feet (foot) tall. (ခြောက်ပေမြင့်)
(c) He is tall for a boy/his age. (သူ့ အရွယ်၊ သူ့အသက်နဲ့စာရင် အရပ်ရှည်တယ်)
(d) She is tall for a Myanmar girl. (မြန်မာမိန်းကလေးတစ်ယောက် အနေနဲ့ နှိုင်းစာရင် သူမ အရပ်ပိုရှည်တယ်)

* အရပ် အနေတော်
(a) He is neither tall nor short. (အရပ် မနိမ့်မမြင့်)
(b) He is medium in height.
(c) He is a man of medium height.

* အရပ်ပုတယ်
(a) She is short.
(b) She is the shortest in the family. (မိသားစုထဲမှာ အရပ်အပုဆုံး)
(c) She is a girl of short stature.

mgyoe.com

mgyoe.com

**(iv) Build (ကိုယ်လုံးကိုယ်ထည်)**

* ဝတယ်

(a) He is a heavily-built man.

(b) He is stout. (အတော်ဝ)

(c) She is fat like a drum. (စည်ပိုင်းလိုဝ)

(d) He is a man of powerful build.
(အားကောင်းမောင်းသန်)

* ကိုယ်လုံးအနေတော်

(a) He is a well-built man. (အချိုးအဆက်ကျနန)

(b) He is a man of fine build. (ကြံ့ခိုင်)

(c) He has a fine build.

* ပိန်တယ်

(a) She is rather thin. (အတော်ပိန်)

(b) She is slim (slender) like a model.
(ကိုယ်ဟန်ပြမယ်လို ပါးလျကျက်သရေရှိတယ်)

(c) She is a slim-waisted girl. (ခါးသေး)

(d) She is a woman of a slender figure.
(သွယ်လျ ရှုမောဖွယ်)

## Mental/ Character
## (စိတ်ပိုင်းဆိုင်ရာ/စရိုက်သဘာဝ)

လူတစ်ယောက်ရဲ့ အရည်အသွေး၊ အရည်အချင်းတွေကို Mental ပိုင်းမှာ ဖော်ပြနိုင်တယ်။ လူတွေမှာ ကောင်းတဲ့စရိုက်၊ ဆိုးတဲ့စရိုက် နှစ်မျိုးရှိနိုင်ပေမဲ့ ကျောင်းစာစီစာကုံးတွေအတွက်တော့ ကောင်းတဲ့ အရည်အသွေးတွေကိုပဲ ဖော်ပြပေးထားပါတယ်။

mgyoe.com

mgyoe.com

* ရိုးသားမှု
(a) She is honest/sincere. (ရိုးသားတယ်)
(b) She is an honest girl.
(c) He is straightforward. (ဖြောင့်မှန်သော)
(d) She is truthful. (အမှန်ကို ဆိုတတ်သော)
(e) He is trustworthy. (ယုံကြည်လောက်သော)

* ပွင့်လင်းမှု
(a) He is outspoken. (ဖြောင်ပြောတတ်တယ်)
(b) She is quite frank. (ပွင့်လင်းသော)
(c) He/She always tells the truth. (အမှန်ကိုပြော)

* အလုပ်ကြိုးစားမှု
(a) She is hardworking./ She works hard.
(b) He is a hardworking/energetic. (စွမ်းအားပြည့်ဝသော) man.
(c) He is diligent. (လုံ့လဝီရိယရှိသော)
(d) She is industruous. (လုံ့လဝီရိယကောင်းသော)
(e) He/She takes pains in teaching his/her pupils. (အပင်ပန်းခံစာသင်)

* လုပ်ရည်ကိုင်ရည်
(a) He/She is a good student.
(b) He/She is an outstanding student. (ထူးချွန်သော ကျောင်းသား/သူ)

mgyoe.com

mgyoe.com


(c) He/She is an efficient teacher. (တော်သော)
(d) He/She is a good at teaching. (စာသင်ကောင်း)
(e) He/She is a good teacher in English.
(f) He/She is a skilled teacher. (စွမ်းရည်ပြည့်)
(g) He/She is an expert in Physics. (ရူပဗေဒ ကျွမ်းကျင်သူ)

* စိတ်နေသဘောထား
(a) He/She is good-natured/amiable. (သဘောကောင်းသော)
(b) He/She is good-hearted/kind-hearted. (ကြင်နာသော)
(c) He/She is kind to his/her pupils. (တပည့်များအပေါ် သဘောကောင်း)
(d) He/She speaks/treats his/her pupils kindly. (တပည့်များကို ကြင်ကြင်နာနာ ပြောဆိုဆက်ဆံ)
(e) He/She is a kindly teacher.
(f) He/She is hospitable. (ဧည့်ဝတ်ကျေပွန်သော)
(g) He/She keeps open house to pupils. (အချိန်မရွေး သွားလည်တဲ့အခါ ဧည့်ဝတ်ကျေ)
(h) He/She is helpful. (ကူညီတတ်သော)
(i) He/She is considerate. (စာနာတတ်သော)

mgyoe.com

mgyoe.com

(j) She is artistic. (အနုပညာဆန်သော)
She can arrange flowers beautifully. (ပန်းအလှပြင်)

(k) He is calm (စိတ်တည်ငြိမ်သော). He can settle (ဖြေရှင်း) problems without losing his temper.

(l) She is always cheerful. (ရွှင်ပျသော)

(m) He is very helpful (ကူညီတတ်သော)
He can help your do your things or give you advice.

(n) He is optimistic. (အကောင်းမြင်တတ်သော)
He always looks at things on the bright side.

(o) She is organized (စွမ်းဆောင်ရည် ထက်မြက်သော) /efficient.

(p) He is patient (စိတ်ရှည်) in dealing with other people.

(q) She is sensible (ဆင်ခြင်တုံတရားရှိသော)

(r) He is sociable (ပေါင်းသင်းဆက်ဆံရေးကောင်းသော) He loves meeting and talking to people.

(s) She is sympathetic (စာနာထောက်ထားသော) to other people's problems.


(t) He is witty (ဟာသဉာဏ်ရွှင်သော).
He has a sense of humour.

mgyoe.com

mgyoe.com

# People I Love

## ကျွန်ုပ်ချစ်ခင်သူများအကြောင်း



mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

## MYSELF

1. What is your name?
   My name is Mg Mg. (Mi Mi)
2. Who is your parents?
   My parents are U Hla and Daw Mya.
3. Where do you live in?
   I live in Yangon.
4. How old are you?
   I am ten years old.
5. How tall are you?
   I am four feet tall.
6. Are you a schoolboy or a schoolgirl?
   I am a schoolboy. (schoolgirl)
7. What standard are you in?
   I am in the fifth standard.
8. What are your father and mother?
   My father is an officer (အရာရှိ) and my mother is a teacher.
9. How many brothers and sisters do you have?
   I have two brothers and one sister.
10. Who are they?
    They are Ko Kyaw Kyaw, Ko Tun Tun and Ma Mu Mu.
11. Are they students?
    They are students.
12. Which school do you go?
    I go to No (1) State Middle School, Insein in Yangon.

## MYSELF

My name is Mg Mg. (Mi Mi). My parents are U Hla and Daw Mya. I live in Yangon.I

mgyoe.com

mgyoe.com

am ten years old.I am four feet tall. I am a schoolboy. (schoolgirl). I am in the fifth standard. My father is an officer and my mother is a teacher. I have two brothers and one sister. They are Ko Kyaw Kyaw, Ko Tun Tun and Ma Mu Mu. They are students. I go to No (1) State Middle School, Insein in Yangon.

## Glossary

| | |
|---|---|
| officer (n) | အရာရှိ |
| student (n) | ကျောင်းသား/ကျောင်းသူ |

ကျွန်ုပ်အကြောင်း

ကျွန်ုပ်၏ အမည်မှာ မောင်မောင် (မိမိ) ဖြစ်ပါသည်။ ကျွန်ုပ်၏ မိဘများမှာ ဦးလှနှင့် ဒေါ်မြ ဖြစ်ပါသည်။ ကျွန်ုပ်သည် ရန်ကုန်မြို့တွင် နေထိုင်ပါသည်။ ကျွန်ုပ်၏ အသက်မှာ ၁၀ နှစ်ရှိပါပြီ။ အရပ်မှာ ၄ ပေ မြင့်ပါသည်။ ကျွန်ုပ်မှာ ကျောင်းသား(ကျောင်းသူ) တစ်ယောက် ဖြစ်ပါသည်။ ကျွန်ုပ်သည် ပဉ္စမတန်းတွင် ပညာသင်ယူလျက် ရှိပါသည်။ ကျွန်ုပ်၏ ဖခင်မှာ အရာရှိတစ်ဦး ဖြစ်၍ မိခင်မှာ ကျောင်းဆရာမ တစ်ဦး ဖြစ်ပါသည်။ ကျွန်ုပ်မှာ အစ်ကို ၂ ယောက်နှင့် ညီမ ၁ ယောက်ရှိပါသည်။ ၄င်းတို့မှာ ကိုကျော်ကျော်၊ ကိုထွန်းထွန်းနှင့် မမူမူတို့ ဖြစ်ကြပါသည်။ သူတို့သည်လည်း ကျောင်းသား ကျောင်းသူများ ဖြစ်ကြပါသည်။ ကျွန်ုပ်သည် အမှတ် (၁) အစိုးရအလယ်တန်းကျောင်း အင်းစိန် ရန်ကုန်တွင် ပညာသင်ယူနေပါသည်။

mgyoe.com

mgyoe.com

## MY FAMILY

1. How many people are there in your family?
   There are six people in my family.
2. Who are they?
   There are my father, my mother, my brothers, my sister and I.
3. Where do you live?
   We live in Insein.
4. Is your house big or small?
   My house is big.
5. What are you father and mother?
   My father is an officer and my mother is a teacher.
6. When does your father go for work?
   My father goes for work at 8 o'clock in the morning.
7. What are your brothers and sister?
   My brothers and sister are students.
8. What is your name?
   My name is Mg Mg (Mi Mi)
9. Are you the youngest in your family?
   I am the youngest in my family.
10. Is your father a good man?
    My father is a good man.
11. Is he honest?
    He is honest.
12. Is your mother kind to you?
    My mother is kind to us.
13. Do you parents love you very much?
    Our parents love us very much.

## MY FAMILY

There are six people in my family. There are my father, my mother, my brothers, my sis-

mgyoe.com

mgyoe.com
ter and I. We live in Insein. My house is big. My father is an officer and my mother is a teacher. My father goes for work at 8 o'clock in the morning. My brothers and sister are students. My name is Mg Mg (Mi Mi). I am the youngest in my family. My father is a good man. He is honest. My mother is kind to us. Our parents love us very much.

## Glossary

honest (adj) ရိုးဖြောင့်သော
kind (adj) ကြင်နာသော
parents (n) မိဘများ

### ကျွန်ုပ်၏မိသားစု

ကျွန်ုပ်၏ မိသားစုတွင် မိသားစုဝင် ၆ ယောက်ရှိပါသည်။ ၎င်းတို့မှာ ကျွန်ုပ်၏ ဖခင်၊ မိခင်၊ အစ်ကိုများ ညီမလေးနှင့် ကျွန်ုပ်တို့ ဖြစ်ကြသည်။ ကျွန်ုပ်တို့သည် အင်းစိန်မြို့တွင် နေထိုင်ကြပါသည်။ ကျွန်ုပ်တို့အိမ်မှာ ကြီးမားပါသည်။ ကျွန်ုပ်၏ ဖခင်မှာအရာရှိတစ်ဦး ဖြစ်၍ မိခင်မှာ ကျောင်းဆရာမတစ်ဦး ဖြစ်ပါသည်။ ကျွန်ုပ် ဖခင်သည် နံနက် ၈ နာရီတွင် အလုပ်သွားတတ်ပါသည်။ ကျွန်ုပ်၏ အစ်ကိုများနှင့် အစ်မမှာ ကျောင်းသားကျောင်းသူများ ဖြစ်ကြပါသည်။ ကျွန်ုပ်၏ အမည်မှာ မောင်မောင် (မိမိ) ဖြစ်ပါသည်။ ကျွန်ုပ်၏ မိသားစုထဲတွင် ကျွန်ုပ်သည် အထွေးဆုံးဖြစ်သည်။ ဖခင်မှာ လူကောင်းတစ်ဦး ဖြစ်သည်။ သူသည် ရိုးသားဖြောင့်မတ်ပါသည်။ ကျွန်ုပ်၏ မိခင်မှာ ကျွန်ုပ်တို့အပေါ် ကြင်နာပါသည်။ ကျွန်ုပ်၏ မိဘများမှာ ကျွန်ုပ်တို့အား အလွန်ချစ်ခင်ပါသည်။
mgyoe.com

mgyoe.com


## MY FATHER

1. What is your father's name?
   My father's name is U Aung.
   (Who is your father?)
   My father is U Aung.
2. What is he?
   He is an officer.
3. How old is he?
   He is forty years old.
4. How tall is he?
   He is five feet tall.
5. When does he go for work?
   He goes for work at 8 o'clock in the morning.
6. Is your father hardworking?
   My father is hardworking.
7. Is he handsome or ugly?
   He is handsome.
8. Is he short or tall?
   He is neither short nor tall.
9. Is he fat or thin?
   He is fat.
10. Is he dark or brown.
    He is brown. He is not dark.
11. Does he love you very much?
    He loves me very much.
12. What does he always do on holidays?
    He always reads on holidays.
13. Does he like playing the football?
    He likes playing the football.
14. Is he honest and kind?
    He is honest and kind.

mgyoe.com

mgyoe.com

## MY FATHER

My father's name is U Aung. (My father is U Aung.). He is an officer. He is forty years old. He is five feet tall. He goes for work at 8 o'clock in the morning. My father is hardworking. He is handsome. He is neither short nor tall. He is brown. He is not dark. He is fat. He loves me very much. He always reads on holidays. He likes playing the football. He is honest and kind.

## Glossary

hardworking (adj) အလုပ်ကြိုးစားသော
handsome (adj) ရုပ်ရည်ချောမောသော

### ကျွန်ုပ်၏ ဖခင်

ကျွန်ုပ်ဖခင်၏ အမည်မှာ ဦးအောင် ဖြစ်ပါသည်။ သူသည် အရာရှိတစ်ဦး ဖြစ်ပါသည်။ သူ့အသက်မှာ ၄၀ နှစ် ရှိပါပြီ။ သူ့အရပ်မှာ ၅ ပေမြင့်ပါသည်။ နံနက် ၈ နာရီတွင် သူအလုပ်သွားလေ့ ရှိပါသည်။ ကျွန်ုပ်၏ ဖခင်မှာ အလုပ်ကြိုးစားပါသည်။ သူ၏ ရုပ်ရည်မှာ ချောမောပြေပြစ်ပါသည်။ သူ့အရပ်မှာ ပုလည်းမပု ရှည်လည်းမရှည်။ အနေတော် ဖြစ်ပါသည်။ သူ့အသားမှာ ညိုပါသည်။ မမည်းပါ။ သူသည် ဝဖြိုးပါသည်။ သူက ကျွန်ုပ်ကို အလွန်ချစ်ခင်ပါသည်။ အားလပ်ရက်များတွင် သူအမြဲစာဖတ်ပါသည်။ ဘောလုံးကစားရသည်ကိုလည်း သူ နှစ်သက်ပါသည်။ သူကား ရိုးသားဖြောင့်မတ်၍ ကြင်နာသနားတတ်ပါသည်။

mgyoe.com

mgyoe.com

## MY MOTHER

1. Who is your mother?
   My mother is Daw Ni Ni.
2. What is she?
   She is a teacher.
3. How old is she?
   She is thirty five years old.
4. How tall is she?
   She is four feet tall.
5. When does she usually get up?
   She usually gets up early in the morning.
6. Who cooks the food for the family?
   My mother cooks the food for the family.
7. When does she go to school to teach?
   She goes to school at half past six in the morning to teach.
8. How does she go there?
   She goes there on foot.
9. Does you mother wash the clothes on holidays?
   My mother washes the clothes on holidays.
10. How does she look after the pupils?
    She looks after the pupils very well.
11. Does she keep the house carefully?
    She keeps the house neat and tidy. (သေသပ်ကျနစွာ)
12. Is she beautiful or ugly?
    She is beautiful.
13. Is she fat or thin?
    She is thin.
14. Does she love the family?
    She loves the family very much.

mgyoe.com

mgyoe.com

## MY MOTHER

My mother is Daw Ni Ni. She is a teacher. She is thirty five years old. She is four feet tall. She usually gets up early in the morning. My mother cooks the food for the family. She goes to school at half past six in the morning to teach. She goes there on foot. My mother washes the clothes on holidays. She looks after the pupils very well. She keeps the house neat and tidy. She is beautiful. She is thin. She loves the family very much.

### Glossary

| | |
|---|---|
| get up (v) | အိပ်ရာထသည် |
| cook (v) | ချက်ပြုတ်သည် |
| on foot (adv) | ခြေလျင် |
| neat and tidy (adv) | သေသပ်ကျနစွာ |

ကျွန်ုပ်၏ မိခင်

ကျွန်ုပ်၏ မိခင်မှာ ဒေါ်နီနီဖြစ်ပါသည်။ သူမသည် ကျောင်းဆရာမ တစ်ဦးဖြစ်သည်။ သူမ၏ အသက်မှာ ၃၅ နှစ်ရှိပါပြီ။ သူမ အရပ်မှာ ၄ပေမြင့်ပါသည်။ သူမသည် နံနက်စောစော အိပ်ရာမှ ထလေ့ရှိပါသည်။ မိသားစုအတွက် စားသောက်ဖွယ်ရာကို မိခင်ချက်ပြုတ်ပါသည်။ စာသင်ကြားရန် နံနက် ၆ နာရီခွဲတွင် ကျောင်းသို့ သွားပါသည်။ ကျောင်းသို့ ခြေလျင်သွားပါသည်။ အားလပ်ရက်များတွင် အဝတ်အစားများကို သူမ လျှော်ဖွပ်ပါသည်။ ကျောင်း သားကျောင်းသူငယ်များကို သူမ ကောင်းစွာ ကြည့်ရှုစောင့်ရှောက်ပါသည်။ အိမ်ကိုလည်း သေသပ်ကျနအောင် ထိန်း

mgyoe.com

mgyoe.com

သိမ်းပါသည်။ သူမသည် လှပ၍ ပိန်ပိန်သွယ်သွယ် ဖြစ်သည်။ မိသားစုကို သူမ အလွန်ချစ်ခင်ပါသည်။

## MY GRANDFATHER

1. What is your grandfather's name?
   My grandfather's name is U Aung Din.
2. What is he?
   He is a former headmaster/an ex-headmaster. (ကျောင်းအုပ်ကြီးဟောင်း)
3. How old is he? Is he healthy?
   He is over seventy years old but he is healthy.
4. How tall is he?
   He is six foot (feet) tall.
5. Is he fat or thin?
   He is thin.
6. Is he dark or brown in complexion?
   He is brown in complexion.
7. Is his hair black or gray?
   His hair is gray.
8. What does he do during the day?
   He reads books during the day.
9. What does he do at night?
   He worships Lord Buddha and tells his beads (ပုတီးစိပ်) at night.
10. Does he always get up early?
    He always gets up early.
11. What does he do sometime?
    He sometimes tells up a story before bedtime. (အိပ်ရာမဝင်မီ)/we go to bed.
12. Does he take you to school every day?
    He takes me to school every day.
13. Is he kind to you?
    He is kind to me.

mgyoe.com

mgyoe.com

14. Does he love you very much?
He loves me very much.

## MY GRANDFATHER

My grandfather's name is U Aung Din. He is a former headmaster. He is over seventy years old but he is healthy. He is six feet tall. He is thin.He is brown in complexion. His hair is gray. He reads books during the day. He worships Lord Buddha and tells his beads at night. He always gets up early. He sometimes tells us a story before we go to bed. He takes me to school every day. He is kind to me. He loves me very much. I love him very much because she is kind and loving to me.

## Glossary

| | |
|---|---|
| former headmaster (n) | ကျောင်းအုပ်ကြီးဟောင်း |
| worship (v) | ဘုရားရှိခိုးသည် |
| tell beads (v) | ပုတီးစိပ်သည် |

## ကျွန်ုပ်၏ အဘိုး

ကျွန်ုပ်အဘိုး၏ အမည်မှာ ဦးအောင်ဒင် ဖြစ်ပါသည်။ သူသည် ကျောင်းအုပ်ဆရာကြီးဟောင်းတစ်ယောက် ဖြစ်သည်။ သူ့အသက်မှာ ၇၀ ကျော်ပါပြီ။ သို့သော် သူသည် ကျန်းမာပါသည်။ သူ့အရပ်မှာ ၆ ပေ ရှိပါသည်။ သူသည် ပိန်ပိန်ပါးပါး ဖြစ်၍ အသားမှာ ညိုပါသည်။ သူ့ဆံပင်များမှာ ဖြူနေပါပြီ။ နေ့လယ်နေ့ခင်းတွင် သူသည် စာအုပ်များကို ဖတ်လေ့ရှိသည်။ ညအခါ သူသည် ဗုဒ္ဓဘုရားကို ရှိခိုး၍ စိပ်ပုတီး စိပ်ပါသည်။ သူ အမြဲတမ်း အိပ်ရာမှ

mgyoe.com

mgyoe.com

စောစောထလေ့ ရှိပါသည်။ တစ်ခါတစ်ရံ ကျွန်ုပ်တို့ အိပ်ရာမဝင်မီ သူက ကျွန်ုပ်တို့အား ပုံပြောပြတတ်သည်။ နေ့စဉ် ကျွန်ုပ်အား ကျောင်းသို့ သူက လိုက်ပို့ပေးပါသည်။ သူက ကျွန်ုပ်အပေါ် ကြင်နာပါသည်။ ကျွန်ုပ်ကိုလည်း သူ အလွန်ချစ်ပါသည်။ သူက ကျွန်ုပ်အား ကြင်နာချစ်ခင်သောကြောင့် သူ့ကိုလည်း ကျွန်ုပ် အလွန်ချစ်ခင်ပါသည်။

## MY GRANDMOTHER

1. What is your grandmother's name?
   My grandmother's name is Daw Tin Ma Ma.
2. What is she?
   She is a former Junior Assistant Teacher (JAT). (အလယ်တန်းပြဆရာမ)
3. How old is she?
   She is nearly seventy years old.
4. Is she sick or healthy?
   She is healthy.
5. Is she short or tall?
   She is neither short nor tall.
6. Is she fat or thin?
   She is fat.
7. Is her hair black or gray?
   Her hair is gray.
8. What does she do in the morning?
   She cooks meals and offers "soon" to the monks in the morning.
   (ဘုန်းကြီးဆွမ်းကပ်)
9. What does she do in the afternoon?
   She takes a nap (တစ်ရေးအိပ်) in the afternoon.
10. What does she do in the evening?
    She watches TV in the evening.

mgyoe.com

mgyoe.com

11. What she do sometimes?
    She sometimes tells us a story before we go to bed.
12. Does she get up early?
    She gets up early every day.
13. Is she kind to you?
    She is kind to me.
14. Does she love you very much?
    She loves me very much.

## MY GRANDMOTHER

My grandmother's name is Daw Tin Ma Ma. She is a former Junior Assistant Teacher. She is nearly seventy years old. She is healthy. She is neither short nor tall. She is fat. Her hair is gray. She cooks meals and offers "soon" to the monks in the morning. She takes a nap in the afternoon. She watches TV in the evening. She sometimes tells us a story before we go to bed. She gets up early every day. She is kind to me. She loves me very much. I love her very much because she is kind and loving to me.

## Glossary

| | |
|---|---|
| junior assistant teacher (n) | အလယ်တန်းပြ ဆရာ/ဆရာမ |
| healthy (adj) | ကျန်းမာသော |
| meal (n) | အစားအသောက် |
| offer (n) | ကပ်လှူသည် |
| take a nap (v) | တစ်ရေးအိပ်သည် |

mgyoe.com

mgyoe.com

## ကျွန်ုပ်၏ အဘွား

ကျွန်ုပ်အဘွားအမည်မှာ ဒေါ်တင်မမ ဖြစ်ပါသည်။ သူမသည် အလယ်တန်းကျောင်းဆရာမဟောင်းတစ်ဦး ဖြစ်ပါသည်။ သူမ အသက်မှာ ၇၀ နီးပါးခန့် ရှိပါပြီ။ သူမသည် ကျန်းမာပါသည်။ သူမမှာ အရပ်ပုလည်း မပု ရှည်လည်းမရှည် အနေတော် ရှိပါသည်။ သူမသည် ဝဖြိုးကာ သူမ ဆံပင်များမှာ ဖြူကုန်ပါပြီ။ နံနက်ခင်းတွင် စားသောက်ဖွယ်ရာများကို ချက်ပြုတ်၍ ဘုန်းတော်ကြီးများကို ဆွမ်းကပ်လှူပါသည်။ နေ့လယ်ခင်းတွင် သူမ တစ်ရေးတမော အိပ်တတ်ပါသည်။ ညနေခင်းတွင် သူမ တီဗွီကြည့်လေ့ရှိပါသည်။ ကျွန်ုပ်တို့ ညအိပ်ရာမဝင်မီ တစ်ခါတစ်ရံတွင် သူမသည် ကျွန်ုပ်တို့အား ပုံပြောပြတတ်ပါသည်။ နေ့စဉ် နံနက်စောစော အိပ်ရာမှ သူမ ထလေ့ရှိပါသည်။ သူမသည် ကျွန်ုပ်အပေါ် ကြင်နာပါသည်။ ကျွန်ုပ်အား သူမ အလွန်ချစ်ခင်ပါသည်။ သူမသည် ကျွန်ုပ်အပေါ် ကြင်နာချစ်ခင်သောကြောင့် ကျွန်ုပ်ကလည်း သူမကို အလွန်ချစ်ခင်ပါသည်။

## MY TEACHER

1. What is your teacher's name?
   My teacher's name is U Aung Tun.
   (Daw Aye Aye)
   (Who is your teacher?)
   My teacher is U Aung Tun. (Daw Aye Aye)
2. How old is your teacher?
   My teacher is thirty years old.
3. Is your teacher a clever man or a woman?
   My teacher is a clever man. (woman)

mgyoe.com